
www.dhammadownload.com




ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ရန်ကုန်မြို့၊ခြောက်ထပ်ကြီးဘုရားကြီးတိုက်၌
သံဃာတော်များအားဟောကြားတော်မူသောတရားတော်

# နွားကျောင်းသား နှင့် နွားနို့ပိုင်ရှင်

(၉-၇-၆၂)

အမေးအဖြေတရားတော်

(၁၀-၇-၆၂)

၇၇

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။
ဖုန်း - ၅၄၁၈၆၀ ; ၇၂၅၇၂

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

ရန်ကုန်မြို့၊ခြောက်ထပ်ကြီး၊ဘုရားကြီးတိုက်၌

သံဃာတော်များအား

ဟောကြားတော်မူသောတရားတော်

# နွားကျောင်းသားနှင့်
# နွားနို့ပိုင်ရှင်

(၉-၇-၆၂)

www.dhammadownload.com

စာမူခွင့်ပြုချက် အမှတ် - ၇၆၇/၉၉ (၀၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၈/၂၀၀၀ (၁)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၅၀၀၀
ခုနှစ် - ၂၀၀၀ ခု၊ ဇန်နဝါရီ
တန်ဖိုး - (        )

ထုတ်ဝေသူ ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

www.dhammadownload.com

# မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ်၏
# အမှာစာ

"နွားကျောင်းသားနှင့် နွားနို့ပိုင်ရှင်" တရားတော်သည်၊ ရန်ကုန်မြို့ ခြောက်ထပ်ကြီး၊ ဘုရားကြီးတိုက်၌ မိုးကုတ်ဆရာတော်ဘုရားကြီး၊ သံဃာတော်များအား ဟောကြားတော်မူသော တရားတော်ဖြစ်ပါသည်။

တရားတော်တွင် သာသနာတော်သုံးရပ်နှင့် ရေကန်ကြီး၏ ကန်ဘောင်၊ ကန်ရေ၊ ကြာဖူး၊ ကြာပွင့်တို့ကို နှိုင်းယှဉ်ထားရာ ကန်ဘောင်ကောင်းမှ ကန်ရေရမည်ဖြစ်ပါသည်။ ကန်ရေပြည့်မှ ကြာဖူးကြာပွင့်များကို ခူးဆွတ်နိုင်မည် ဖြစ်ပါသည်။

ထို့အတူ ကန်ဘောင်နှင့်တူသော ပရိယတ္တိပြီးမြောက်လျှင် ပဋိပတ်ဖြစ်သော ကန်ရေဖြည့်ကြပါ၊ သို့မှသာ ပဋိဝေဓဖြစ်တဲ့ ကြာဖူးကြာပွင့်၊ တရားထူးများ သိမြင်၍ ရည်မှန်းချက်ပြည့်ဝကြမည်ဖြစ်သဖြင့် နွားကျောင်းသားဘဝမှ နွားနို့ပိုင်ရှင်အဖြစ်သို့ ရောက်မည်ဖြစ်ပါသည်။

www.dhammadownload.com

ဤသို့ ပေါက်မြောက်လာစေရန် သလ္လေခတရားတော်ကို လက်သုံးထားပြီး မကောင်းမှုအားလုံးကို မပြုလုပ်ကြဘဲ ဝိပဿနာဉာဏ်မဂ်ဉာဏ်သို့ တက်လှမ်းကြပါရန် ဩဝါဒပေးသော တရားတော် ဖြစ်ပါသည်။

ဒုတိယတရားတော်မှာ ရန်ကုန်မြို့ ဦးသံဒိုင်တိုက်၌ အမြတ်တော်မင်းကြီး ဦးလွန်းဖေ မေးသဖြင့် ဟောကြားချီးမြှင့်သော တရားတော်ဖြစ်ပါသည်။ တရားတော်သည် ခက်ခဲသည်။ နက်နဲ သည်။ စိတ်ပိုင်းဆိုင်ရာ မရှင်းလင်းသော အချက်များကို ဖြေကြား ထားခြင်းဖြစ်၍ ယောဂီများအတွက် အမှန်ပင် ကျေးဇူးများ မည်ဖြစ်ပါသည်။

သူတော်ကောင်းရတနာ (၇) ပါးကိန်းကြပါစေ. . .။

၁၀၊ ၁၀၊ ၉၉ အမှုဆောင်အဖွဲ့။

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

ရန်ကုန်မြို့၊ ခြောက်ထပ်ကြီး၊ ဘုရားကြီးတိုက်၌

သံဃာတော်များအား ဟောကြားတော်မူသော တရားတော်

# "နွားကျောင်းသားနှင့် နွားနို့ပိုင်ရှင်"

(၉-၇-၆၂)

အားလုံးတပည့်တော်တို့. . . သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်သို့ရောက်ပြီးသကာလ လာကြတော့. . . သက်ကြီးသောသူ၊ ဝါကြီးသောသူ၊ ဂုဏ်ကြီးသောသူများကို ပူဇော်ဖူးမြော်မာန်လျှော့ကန်တော့ရခြင်းသည်. .

အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဍ္ဍာ ပစာယိနော၊ စတ္တာရော ဓမ္မာဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံလို့. . . ဓမ္မပဒပါဠိတော်ကြီးများလာနေတဲ့အတွက် ခုနက ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ကန်တော့ရခြင်းတည်းဟူသော အကြောင်းကြောင့် အာယု

www.dhammadownload.com



အရှင်ဘုရားများ အသက်ရှည်မှုကိုလည်း ပထမဇောစေတနာက အကျိုးပေးလိမ့်မယ်ဆိုတာ စာသမားတွေဖြစ်နေတဲ့အတွက် တပည့်တော်တို့ကလည်း စာချဘုန်းကြီးဖြစ်ပြီး အဲဒီကမှ တက်လာတဲ့ မေွကထိကဖြစ်လို့ . . ။

ဩော် . . ငါတို့ခုနက ဂါယကံ ဝစီကံ မနောကံဖြင့် သက်ကြီးသောသူ ဝါကြီးသောသူ ဂုဏ်ကြီးသောသူများကို ကန်တော့ရခြင်းသည် အာယုဆိုတဲ့ အသက်ရှည်မှုကိုလည်း ပထမဇောက အကျိုးပေးလိမ့်မယ်လို့ မှတ်ကြစမ်းပါ။

နိစ္စံဝုဍ္ဍာပစာယိနော၊ စတ္တာရော အာယု ဝဏ္ဏော-အဆင်း အစရှိသည်တို့ ပြည့်ဝစေတဲ့ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်းကိုလည်း ရလိမ့်မယ်ဆိုတာ မှတ်တာပေါ့။

ဗလဆိုတဲ့ ပရိယတ္တိသာသနာကြီးကိုလည်း ကြိုးစား နိုင်တဲ့ အားအင်ဗလနဲ့လည်း ပြည့်စုံလိမ့်မယ်ဆိုတာ ခုနက ရှိခိုး ခြင်းတည်းဟူသော အကြောင်းကံ စေတနာတို့ကြောင့် အခု ခုနကသီတင်းသုံးဖော်ဖြစ်တဲ့ ဦးကောဏ္ဍည အစရှိသည်တို့ကို ဆရာတော်ကြီးတို့ တောင်းပန်ပြီးသာကာလ အနှ ...ရှင်ဘုရား များကို တပည့်တော်များက ...သတိပေးတဲ့သဘော၊ ကိုယ့်သာသ နာကြီးကို ကိုယ်စောင့်စေလိုတဲ့သဘော၊ အရှင်ဘုရားများ

www.dhammadownload.com



အားထုတ်နေတဲ့ ပရိယတ်မှ ကွယ်ပျောက်သွားခဲ့သည်ရှိသော် ပဋိပတ်တရားသည် အခြေမခိုင်တော့ပါဘူး၊ ယိုင်လဲရမယ်ဆိုတာကိုလည်း အားလုံးသိပြီးသား ဖြစ်ပါလိမ့်မယ်။

အဲဒီ ပဋိပတ် ယိုင်လဲသွားလို့ရှိရင် ပဋိဝေဓဆိုတဲ့ ကြာနဲ့တူတဲ့၊ ပဋိဝေဓဆိုတဲ့ ထိုးထွင်းသိပညာတွေလည်း ကွယ်ပျောက်သွားလိမ့်မယ်ဆိုတာကို အရှင်ဘုရားများ သိပြီးသား ဖြစ်တဲ့အတွက် တပည့်တော်များက လာပြီး ဩဝါဒပေးရခြင်းသည် အရှင်ဘုရားတို့၏ ကန်တော့ဆောင်ဆည်မှုကြီးကို ခိုင်ခိုင်လုပ်တော်မူကြပါဆိုတဲ့ အကြောင်းကို ကောင်းကောင်းသတိပေးတယ်ဆိုတာကို မှတ်ဖြစ်အောင်မှတ်ကြပါ။

## သာသနာ့ဝန်ထမ်းရဟန်းတော်များ

ဩော် . . ငါတို့လုပ်နေတဲ့အလုပ်ဟာ သာသနာ့ဝန်ထမ်းရဟန်းရယ်လို့ ဖြစ်ပြီးသကာလ နေကြတဲ့အတွက် သာသနာ့အကျိုးသယ်ပိုးနေကြပါလားဆိုတာ သံသယမရှိဘဲနဲ့ ရွက်ဆောင်ပါဆိုတာကိုလည်း တပည့်တော်များက တိုက်တွန်းပါတယ် အားလုံးသံဃာတော်တွေကို။

ကဲ-ဒါဖြင့် . . . သဂါထာမှာလာတဲ့အတိုင်းပေါ့လေ၊

www.dhammadownload.com



သဂါထာမှာလာတဲ့အတိုင်း ကန်ဘောင်မရှိရင် ရေမတည်နိုင် ရေမတည်နိုင်လို့ရှိရင် ကြာမပွင့်နိုင်ဆိုတဲ့ သဂါထာစကားကို သိပြီးသားဖြစ်တဲ့အတွက် အရှင် ဘုရားများသည် ဒီဘုရားကြီး တိုက်မှာ ပရိယတ္တိသာသနာတော်မြတ်ကြီးကို စာချဆရာတော် တွေနဲ့ အရှင်ဘုရားများက သယ်ပိုးရွက်ဆောင်နေခြင်းသည်။

ဩော် . . တိုက်တည်တဲ့အခါမှာ ဖောင်ဒေးရှင်းဆိုတဲ့ အုတ်မြစ်သည် အရေးအကြီးဆုံးဖြစ်တော့ အရှင်ဘုရားများ တိုက်က ပရိယတ္တိသာသနာတော်ကြီးကို အထူးတလည် အားပေးနေခြင်းကြောင့် ပရိယတ္တိခိုင်မြဲမှုမှာဖြင့် တို့တာဝန်ပဲ ဆိုတဲ့ဥစ္စာ အားလုံးသံဃာတွေမှတ်ဖို့ပါပဲ။

## နှစ်ပေါင်း (၃၀) စာဝါပို့ချခဲ့တယ်

အခု ပဋိပတ်တွေ အင်မတန်ထွန်းကားနေတယ် ဆိုတာ လည်း အရှင်ဘုရားတို့သိပါတယ် အဲဒါဘယ်လိုပုဂ္ဂိုလ်တုံး ဆိုတော့ အထူးသူများ ရှာနေလို့ရှိရင်ဖြင့် သက်သေသာဓက ဟာ ဝေးပါတယ်။ တပည့်တော်ကိုယ်တိုင် နှစ်ပေါင်းသုံးဆယ် ပရိယတ္တိသာသနာကြီး ပို့ချလာပါတယ်၊ သံဃာ စာတစ်ဝါမှာ နှစ်ရာလောက်ရှိပါတယ်။

www.dhammadownload.com



ဒီလောက်ဖြစ်အောင် ပို့ချသယ်ပိုးပြီးသကာလ လာခဲ့ခြင်းကြောင့်လည်း ဦးကောဏ္ဍညတို့ အစရှိသော ဒီနိုင်ငံမှာ သာသနာအကျိုးရွက်ဆောင်နေကြတာ တပည့်တော်၏ ကျေးဇူးကင်းတာ ရှာမှရှားပါတယ်။

အဲဒါကြောင့် ငါလည်း ဒီလမ်းကတက်လာတော့ ကြုံတဲ့အခါမှာ ငါလိုပဲ အားထုတ်ချင်တဲ့ နှစ်ပေါင်း ၃၀၊ ၄၀၊ ၅၀ တိုင်တိုင် ပရိယတ္တိသာသနာတော်ကြီးကိုဖြင့် ကန်ဘောင်ကြီးကိုဖြင့် ဘယ်တော့မှ မကျိုးမပေါက်ရအောင် ငါတို့ရွက်ဆောင်မယ်ဆိုတဲ့ ဥစ္စာ တပည့်တော်ကို မှုထားပြီး စောင့်ရှောက်ကြပါ။

## ကန်ဘောင်ကြီးကိုဆည်ကြပါ

အခုမှတ်သားနေတဲ့ ပုဂ္ဂိုလ်များကလည်း. . . တဲ့၊ ဒီကန်ဘောင်ကိုဖြင့် မကျိုးမပေါက်ရအောင် စောင့်ရှောက်ကြပါဆိုတာကို ပရိယတ္တိကန်ဘောင်ကြီးကို ဆည်ဖြစ်အောင်ဆည်ကြပါ ဆိုတာကိုဖြင့် သတိပေးလိုက်ပါတယ်။

အရှင်ဘုရားများက မဆည်တော့ပါဘူးဆိုလို့ ရှိရင်ဖြင့် ဘာသာပျောက် သာသနာပျောက်ပြီး မွေးတဲ့ပုဂ္ဂိုလ် အလုံးစုံအကုန်အပါယ်ရောက်မယ်။ ဒါကြောင့် ဘာသာပျောက်

www.dhammadownload.com



သာသနာပျောက်သွားလို့ရှိရင်ဖြင့် မွေးတဲ့ပုဂ္ဂိုလ် အပါယ်ရောက်မှုကို ကယ်တင်နေသောကြောင့် အရှင်ဘုရားများ၏ အားထုတ်နေတဲ့ ပရိယတ်ဟာ စာလေးတစ်လုံး အံလိုက်လို့ရှိရင်လည်း ဥပနိဿယ ပစ္စယောပါပဲ၊ ဒကာဒကာမတွေအပေါ် မှာ အားကြီးသောအကြောင်း ဖြစ်ပါတယ်။

မျက်လုံးကန်းတွေကို မျက်လုံးဖွင့်ရမဲ့ နေရာဌာနမှာ ပရိယတ်တည်းဟူသော ဓမ္မသည်သာလျှင် မျက်လုံးကန်းတွေကို မျက်လုံးဖွင့်ပေးနိုင်တယ်ဆိုသောကြောင့် သူဟာ ဥပနိဿယ ပစ္စည်းဖြစ်ပါတယ်၊ အားကြီးသောအကြောင်းကို ဥပနိဿယ ပစ္စည်းလို့ ဆိုပါတယ်။

## ပရိယတ္တိသာသနာတော်

အဲဒါကြောင့် အရှင်ဘုရားတို့သည် တပည့်တော်တို့လို သက်ကြီးဝါကြီးဖြစ်တဲ့ ပုဂ္ဂိုလ် ပြောဆိုတဲ့စကားကို ယုံကြည်လေးစားသောအားဖြင့်လည်းကောင်း၊ ကန်ဘောင်ကြီး မကျိုးအောင်၊ မကျိုးမပေါက်ရအောင်ဖြင့် ငါတို့တာဝန်ယူမှုဖြစ်မယ်ဆိုတဲ့စိတ်နဲ့မွေးပြီးသကာလ ပရိယတ္တိသာသနာတော်ကြီးကိုဖြင့် ခိုးမြောက်ဖြစ်အောင် ခိုးမြောက်ပါ။ ပြီးမြောက်အောင်

www.dhammadownload.com



တတ်မြောက်အောင် သင်ယူကြပါဆိုတာကို လေးစားစွာနဲ့ ပရိယတ်၊ ပဋိပတ်ပြောဆိုနေတဲ့ တပည့်တော်က အရှင်ဘုရားများအား များစွာတိုက်တွန်းပြီးသကာလ အကျိုးစီးပွား အလိုရှိသောကြောင့် . . .။

တစ်ယောက်တည်းဆောင်လို့ တပည့်တော်တစ်ယောက်တည်း ပရိယတ်ဆောင်နေလို့ ပဋိပတ်ဆောင်နေလို့ မပြီးပါဘူး။ အကုန်လုံးက ဆောင်နိုင်တဲ့ စွမ်းရည်သတ္တိရှိနေသောကြောင့်လည်း ဒီအစီအစဉ်ဖြင့် အားမလျှော့ဘဲနဲ့ ပရိယတ် အကူအညီနဲ့ ပေးကြပါဆိုတဲ့ ဥစ္စာကိုဖြင့် တပည့်တော်က များစွာတိုက်တွန်းပါတယ်။

အဲဒီပရိယတ် ကွယ်လို့ရှိရင် အခုပေါ်နေတဲ့ ဝိပဿနာ ပဋိပတ်ဆိုတာ ဒကာဒကာမတို့ အားလုံးသော သံဃာများတို့ ဇာန်ဘောင်ကျိုးလို့ရှိရင် ရေတည်စရာ မရှိဘူးဆိုတာ အကြီးအကျယ် မှတ်ယူထားကြပါ။

ဩော် . . ငါတို့ဖျက်လိုက်လို့ရှိရင်ဖြင့် ငါတို့ဟာ လုံ့လ၊ ဝီရိယဆန္ဒတွေလျှော့လိုက်လို့ရှိရင်ဖြင့် အကုန်ဖြင့် ဒလဟော အပါယ်သွားပေါ့ဆိုတာကို ငဲ့ညှာသောအားဖြင့် ပရိယတ်ကို ကြိုးစားသည်ထက် ပိုမိုပြီးကြိုးစားကြပါဆိုတာကိုလည်း တိုက်တွန်းရင်း ဒီကနေ ပြီးသကာလ သတိပေးပါတယ်။

www.dhammadownload.com



## ပရိယတ်တည်မှသာသနာတည်တယ်

အဲဒီပရိယတ်မှ အရှင်ဘုရားများက လှစ်လျူရှုလိုက်ကြတော့မယ် ဆိုလို့ရှိရင်ဖြင့် အခုပြောတဲ့ ပဋိပတ်ဟာ ဒီလူတွေ သေရင်သွားတာပဲ။ ပဋိပတ်မှ အထမမြောက်သေးတော့ ပဋိဝေဓဆိုတာ အထမြောက်ဖို့ရာလည်း အလွန်ခဲယဉ်းသည် ဖြစ်လေသောကြောင့် ငါတို့သာ အုတ်မြစ်အစစ်၊ ငါတို့သာ သာသနာအခြေအမြစ်၊ ပါဠိလိုမရွတ်ပါဘူး ပရိယတ်တည်မှ သာသနာတည်တယ်ဆိုတာပါဠိတွေ ခဏခဏ တွေ့နေကြဘာမလိုပါဘူး။

အဲဒါကြောင့် ပရိယတ္တိသာသနာတော်ကြီးကို ရွက်ဆောင်နေတဲ့ ပုဂ္ဂိုလ်တွေဖြင့် ငါတို့ ဘယ်အကျိုးရှိသတုံး၊ စာတတ်ကော ဘာထူးမှာတုံးဆိုတဲ့ ဒီစိတ်မျိုး မပေါ်ဘဲနဲ့ စာမသိလို့ရှိရင် ခန္ဓာအရှိကို မသိပါဘူး၊ စာမသိလို့ရှိရင်ဖြင့် ခန္ဓာအရှိကို မသိပါဘူး။ ခန္ဓာအရှိကို မသိဘူးဆိုရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် မပေါ်ပါဘူး။

ဒါဖြင့် . . . မဂ်ဉာဏ် ဖိုလ်ဉာဏ်ပေါ်ခြင်း၏ အကြောင်းသည် အားလုံးသော သံဃာများတို့ စာအရှိကို ဉာဏ်နဲ့သိမှ ဒီဟာသည် ရင့်ကျက်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြစ်နိုင်ပါတယ်။

စာမပါဘဲနဲ့ သိတယ် ကျွမ်းတယ်ဆိုတာကဖြင့် ဘုရားပရိနိဗ္ဗာန်စံသွားလို့ရှိရင်ဖြင့် စာသာမရှိရစ်တော့ဘူးဆိုရင်

www.dhammadownload.com



ပရိယတ်သာ မရှိရစ်တော့ဘူးဆိုရင် အခုလောက်ရှိ ကွယ်တာ ကြာလှပါပြီ။

ဘယ်လိုသာသနာငါးထောင် ထားခဲ့ထားခဲ့ မှုပျောက်သွားတယ်ဆိုလို့ရှိရင်ဖြင့် အားလုံးသော သံဃာများတို့ အလုံးစုံ ဘာသာရေးကို အရင်းကနေပြီး လှဲလိုက်သလို ပြိုကွဲသွားပါတယ်။

ဒါကြောင့်မို့ ဘုရားကြီးတိုက်မှာ ဆရာတော်ကြီးတွေ အမှူးထားလို့ ဆရာတော်ဦးကောဏ္ဍညတို့လို တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ် တပည့်တော်၏ တပည့်လည်းဖြစ်နေတဲ့အတွက် အားကိုးသောအားဖြင့် အရှင်ဘုရားများသည် ငါတို့ဘာလုပ်စရာရှိသေးသတုံးဆိုတဲ့ဥစ္စာကိုလည်း . . . ။

လုပ်စရာရှိတဲ့အလုပ်ဟာ တို့လုပ်နေတဲ့ အလုပ်အကြီးဆုံးပေါ့ကွာဆိုပြီး ဆုံးဖြတ်ချက်ချကြပါ။ အဲဒီကဲ့သို့ ဆုံးဖြတ်ချက်ချလို့ရှိရင်ဖြင့် . . . တဲ့၊ အားလုံး ရန်ကုန်မြို့မှာရှိတဲ့ လူပေါင်းတစ်သန်းကျော် တစ်သိန်းကျော် အစရှိသူတို့ဟာ ဗုဒ္ဓဘာသာမှန်က မနက်ကျရင် အရှင်ဘုရားများ ဆွမ်းခံကြွ လက်အုပ်ချီတဲ့ ကာမာဝစရ ကုသိုလ်ဖြစ်ပါသေးတယ်။

အရှင်ဘုရားများကထိုင်ပြီး သီလပေးခဲ့လို့ သီလကုသိုလ်

www.dhammadownload.com



ဖြစ်ပါသေးတယ် ဟ. . ဒီလိုကျင့်ဟဲ့၊ ဒီလိုကြံဟဲ့လို့. . ပြောလို့ ရှိရင်လည်း ပရိယတ်က ယူပြောတဲ့အတွက် သူတို့မှာ အပါယ် လေးပါးတံခါးမှ ပိတ်နိုင်တဲ့ စွမ်းရည်သတ္တိရှိတယ်၊ မပိတ်နိုင် တောင် သုဂတိ တင်ပေးခဲ့တဲ့ အဓိပ္ပါယ်ရှိပါတယ်။ ❁

## ပရိယတ်မှတစ်ပါး၊ ကိုးစားရာမရှိ

ဘယ်သူက ပေးတာပါလိမ့်မတုံးလို့မေးတော့ ပရိယတ် သင်ထားတဲ့ပုဂ္ဂိုလ်မို့ ပဋိပတ် အကြောင်းပြောပြီး သကာလ သုဂတိ တင်ပေးခဲ့တယ် နိဗ္ဗာန်ပို့ပေးခဲ့တယ်ဆိုတဲ့ဥစ္စာ အခြေ အမြစ်လျှောက်ရှာတော့ အရှင်ဘုရားများအားထုတ်နေတဲ့ ပရိယတ်မှတစ်ပါး ကိုးစားစရာမရှိပါဘူး။

ဒါကြောင့် . . အဟံ အဝေရောဟောမိ ဆိုတာ အသာထားပြီး သဗ္ဗေသတ္တာအဝေရာဟောန္တုဆိုတာ ခုနက မေတ္တာပို့ကြတဲ့ အခါမှာလည်း. . မေတ္တာပို့နေတဲ့ ဥစ္စာ အားလုံး သောပုဂ္ဂိုလ်ကျန်းမာပါစေ၊ ချမ်းသာပါစေဆိုတာ မေတ္တာဟာ သမထ ဖြစ်ပါတယ်။

အရှင်ဘုရားများ တတ်တဲ့ပညာကို တစ်လုံးတစ်ပါဒ ဆုံးမပြီး ဒီလိုရှုဟဲ့၊ ဒီလိုမှတ်ဟဲ့၊ ဒီလိုကျင့်ဟဲ့. . ၊ ဒီလိုမဂ်လာ

www.dhammadownload.com



တရားနဲ့ ညီအောင်နေဟဲ့ဆိုပြီး အရှင်ဘုရားများက ပရိယတ်ကို အခြေတည်ပြီး ဆုံးမလို့ရှိရင်ဖြင့် ဝိပဿနာဉာဏ်တွေ ပေါက်ရောက်ပြီး သကာလ နိဗ္ဗာန်အပြီးတိုင် ရောက်နိုင်ပါတယ် ဆိုတာကိုလည်း သေသေချာချာယုံကြည်ပြီး သကာလ. . ။

ငါတို့လုပ်နေတဲ့အလုပ်ဟာ အရေးအကြီးဆုံး အလုပ်တစ်ခုကို ငါတို့ကိုင်ထားပါလားဆိုတာကိုဖြင့် ဘယ်အခါမှ မဖျောက်ဖျက်ပါနဲ့ အရှင်ဘုရားများဟာ သာသနာ၏ အညွန့်အညှောက်တွေ ဖြစ်သောကြောင့် အရှင်ဘုရားများ အညွန့်အညှောက် ကျိုးသွားလို့ရှိရင်ဖြင့် သာသနာပင်စည် စည်ကားဖို့လည်း မရှိပါဘူး။

သာသနာအပွင့်အသီးကိုလည်း ခူးဆွတ် စားစရာလည်း မရှိတဲ့အတွက် လောကကြီးအမှောင် ဖြစ်သွားမှာကို စိုးရိမ်သောအားဖြင့် တို့ပရိယတ္တိကန်ဘောင်ကြီးကို ဆည်ဖြစ်အောင်ဆည်မဟ. . . တို့သာ အခြေအမြစ်ဟ. . . ဆိုပြီးသကာလ ပရိယတ်တို့ဖြင့် ကြိုးစားဖြစ်အောင် ကြိုးစားပါဆိုတဲ့ဥစ္စာ လေးစားစွာနဲ့ တပည့်တော်ကြားတဲ့အခါ တိုက်တွန်းပါတယ်။

www.dhammadownload.com



## သံသရာမှ ထွက်မြောက်ဖို့ဖြစ်တယ်

ဒုတိယတိုက်တွန်းချင်တာက ဩော်. . ပရိယတ်သည် ကား ဆိုလို့ရှိရင် ငါတို့တော်တော် စွမ်းရည်သတ္တိရှိပြီး ကန်ဘောင် ကြီးလည်းဆည်ပြီ လုံပြီဆိုလို့ရှိရင်ဖြင့် ရေခိုင်ခံ့အောင် လုပ်ဖို့ရာ အရေးဆိုတဲ့ဥစ္စာကလည်း ကိုယ့်အရေးက ကိုယ့်ရည်ရွယ်ချက်က ပရိယတ်နဲ့ မပြီးသေးတော့ သိမ်ထဲမှာ သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇာယာစာမိက ကျန်ပါသေးတယ်။

သံသရာမှ ထွက်မြောက်ဖို့ ရဟန်းအဖြစ်ကို ယူခဲ့ ပါတယ် ဆိုတော့. . ပရိယတ်ကို လုံလုံလောက်လောက် ဆည်ပြီးလို့ ရှိရင် ပဋိပတ်များကိုလည်း ဆက်လက်ပြီးသကာလ ကြိုးစားပါဦး ဆိုတာကိုလည်း ဒုတိယအဆင့် တိုက်တွန်းပါတယ်။

## နွားကျောင်းသားနှင့် နွားနို့ပိုင်ရှင်

ဘာကြောင့်တုံးလို့ မေးပြန်တော့ ဓမ္မပဒကလာပြန်တော့ ပရိယတ်က နွားကျောင်းသားကွ၊ ပဋိပတ်က နွားနို့ပိုင်ရှင်ကွလို့ ဘုရားကဟောထားပြန်တော့ နွားကျောင်းသားအဖြစ်နဲ့ကိုလည်း အချိန်မကုန်ဘဲနဲ့ နွားနို့ပိုင်ရှင် အဖြစ်ကိုလည်း တက်လှမ်းပါဦး ဆိုတာကိုလည်း တိုက်တွန်းရပြန်တယ်။

www.dhammadownload.com



ထိုကဲ့သို့ မတိုက်တွန်းပြန်တော့လည်း ကန်ဘောင် ဆည်ရင်းနဲ့ အချိန်တွေကုန်သွားပြီး ကြာတွေယူပြီး ကြာကို မြင်မှု ကြာကိုသုံးဆောင်မှု ကြာနံ့တွေ ရမှုကိုလည်း အရှင်ဘုရားများ ချို့ယွင်းချက် ရှိသွားလို့ရှိရင်လည်း ရည်ရွယ်ချက်နဲ့ ပန်းတိုင် မကိုက်ဘဲ ဖြစ်သွားမှာကို စိုးရပါတယ်။

## ပဋိပတ်အလုပ်တရားကိုလည်း ကြိုးစားကြပါ

ဒါကြောင့် ပရိယတ်လုံလောက်ပြီးသည့် အခြားမဲ့၌ ပဋိပတ်တည်းဟူသော အလုပ်တရားကိုလည်း အရှင်ဘုရားများ ကြိုးစားကြပါဦးဆိုတာကိုလည်း တိုက်တွန်းလိုက်ပါတယ်။

အဲဒီပဋိပတ် တိုက်တွန်းခြင်းသည်ကား ဆိုလို့ရှိရင် ပဋိဝေဓဆိုတဲ့ ကြာနဲ့တူတဲ့ ပဋိဝေဓ အစရှိသည်တို့ကိုလည်း အရှင်ဘုရားများသည် ကိုယ်ရေးကိုယ်တာ ပြည့်စုံစေခြင်းအကျိုးငှာ ပဋိဝေဓဉာဏ်ကို ပေါက်ရောက်အောင်လည်း သူ့အဆင့်အတန်း အတိုင်းတက်ပါ။ ခုန်လည်းတက်လို့မရဘူးဆိုတာကိုလည်း မှတ်ပါ။

www.dhammadownload.com



## ပရိညာသုံးပါး

ခုန်တက်လို့ မရဘူးဆိုတာက ဘယ်လိုကြောင့် ပဟာရ ပါလိမ့်မတုံးလို့ မေးတဲ့အခါ ဘယ်လိုကြောင့် ဆုံးမရ ပါလိမ့်မတုံး ဆိုတော့ ဉာတပရိညာမရှိဘဲနဲ့ တီရဏ ပရိညာ မဖြစ်ပါဘူး တီရဏ ပရိညာ မရှိဘဲနဲ့ ပဟာန ပရိညာ မဖြစ်နိုင်ပါဘူး ဆိုတာလည်း အရှင်ဘုရားများ အင်္ဂုတ္တိုရ်တို့ ဘာတို့တက်တဲ့အခါ သိပြီးသွားဖြစ်ပါတယ်။

ဒါကြောင့် ဉာတအလုပ်သည် ပရိယတ်မပါရင် ဉာတ မဖြစ်ဘူး၊ ပဋိပတ်မပါရင် တီရဏ မဖြစ်ဘူး၊ ပဋိပတ် မပါလို့ ရှိရင်လည်း ပဟာနပရိညာဆိုတဲ့ဥစ္စာ ပဋိပတ်ကမှ တက်ပေးရမှာ ဖြစ်သောကြောင့် ကိလေသာပယ်မှုကိုလည်း မဖြစ်နိုင်သော ကြောင့် ဩော်. . တို့သည် ပထမအဆင့် ခိုင်မြဲလို့ရှိရင် ဒုတိယ အဆင့်တက်ဦးမဟ. . . ဒုတိယအဆင့်တက်ပြီး တတိယ အဆင့်မှာ ငါတို့တက်ပြီး သင်္ကာလ ချမ်းသာအောင် နေမဟဲ့. . ဆိုတဲ့ စိတ်ထားကိုလည်း ထားပါ။ အားထုတ်တော် မူကြပါ။

## သူငယ်ပြန်တာအရုပ်ဆိုးတယ်

တစ်ချို့ဘုန်းကြီးများ. . တပည့်တော်လည်း စာချလာ

www.dhammadownload.com



တော့ သင်ပေးလိုက်တာက အဘိဓမ္မာတွေ ဘုန်းကြီးတို့ သင်ပေးလိုက်တယ်။

ဟို . . တောရွာတွေရောက်သွားတဲ့အခါ ကကြီး ကခွေး ပြန်စနေတဲ့ ကိုယ်တော်က သိပ်များတယ်၊ ကလေးတွေနဲ့ အချိန်ကုန်နေတာက သိပ်များပါတယ်။

အဲဒါကြောင့် . . ဒီလိုချည်းအလုပ်ကြီး လုပ်လာပြီးမှ သူငယ်ပြန်ရတဲ့ အဖြစ်ဟာလည်း အင်မတန် အရုပ်ဆိုးသော ကြောင့် ခုနက ပရိယတ်ကနေပြီး ပဋိပတ်တက်ပါ၊ ပဋိပတ်ကနေ ပဋိဝေဓအရသာကို သုံးဆောင်ခံစားကြပါဆိုတာကိုလည်း အများကြီး တိုက်တွန်းပါတယ်ဆိုတာကိုလည်း မှတ်ကြပါ။

## တပည့်တော်တို့ ဘယ်လိုလုပ်ရမှာတုံး

အဲဒါ ဘယ်လိုတပည့်တော်တို့ လုပ်ရမှာတုံးမေးတော့ သလ္လေခသုတ်ကိုသွားကြည့်ပါ။ အရှင်ဘုရားများ၏ ပဋိပတ် တက်နည်းကို သလ္လေခသုတ်က မှတည်ကြည့်ပါ။

မူလပဏ္ဏာသပါဠိတော် သလ္လေခသုတ်ကြည့်လိုက်တဲ့ အခါကျတော့ ကိုယ်၏ယဉ်ကျေးမှုဖြစ်တဲ့ ပထမအဆင့်ဟာ အောင်မြင်ပါလိမ့်မယ်၊ ပရိယတ်နဲ့ သင်ထားလိုက်တော့ သူတစ်

www.dhammadownload.com



ပါးက သတိချို့ယွင်းနေတယ် ငါဟာသတိကိုဖြင့် မချို့ယွင်းအောင် လုပ်မယ်ဆိုတာ အဲဒါသလ္လေခ ခေါ်ပါတယ်။

သူက ဝီရိယ လျှော့နေတယ်၊ တစ်ပါးသော ပုဂ္ဂိုလ်က စာပေါ်မှာသော်လည်းကောင်း၊ အကျင့်ပေါ်မှာသော် လည်းကောင်း လျှော့နေလို့ရှိရင် ငါက မလျှော့အောင် လုပ်မဟ. . လို့ဆိုတာလည်း ဒါသလ္လေခ ဖြစ်ပါတယ်ဆိုတာကို မှတ်ပါ။

သူက ပါဏာတိပါတကံ လွန်ကျူးနေတယ်၊ ငါက ပါဏာတိပါတကံ မလွန်ကျူးတော့ဘူးဆိုရင် ဒါသလ္လေခ ဖြစ်ပါတယ်။

## မကောင်းတဲ့အလုပ် ငါမလုပ်ဘူး

သူက မုသားပြောတယ် ငါက မလွန်ကျူးတော့ဘူး ဆိုလို့ ရှိရင်လည်း သလ္လေခ ဖြစ်တာကို သိပြီးသားဖြစ်သောကြောင့် မကောင်းတဲ့အလုပ် မြင်တိုင်းမြင်တိုင်း ငါမလုပ်ဘူး ငါမလုပ်ဘူး ဆိုတဲ့ ရှောင်ကြဉ်မှုသည် သလ္လေခပါ ဒါ ခေါင်းပါးအောင် လုပ်တာပဲ။

အဲဒီကစပြီးသကာလ. . . ဘုရားသခင် ကိုယ်တော်

www.dhammadownload.com



မြတ်ကြီးက သလ္လေခကစပြီး ကျင့်ကြဲလို့ ရှိရင်ဖြင့်ကွာ. . တဲ့။ သီလဘက်ကလုံပြီး သမထဘက် ဝိပဿနာဘက်သို့ တက်နိုင်ပါလိမ့်မယ် ဆိုတဲ့အတိုင်း အရှင်ဘုရားများ တစ်ပါးတစ်ပါး မြင်တဲ့အခါကြလို့ ရှိရင်ဖြင့် သူက မကောင်းသဖြင့် ဝတ်စားနေတယ် မကောင်းသဖြင့် ကျင်ကြီးကျင်ငယ် စွန့်နေတယ် မကောင်းသဖြင့် သွားမှုလာမှုတွေ လုပ်နေတယ် ငါကမလုပ်ဘူးဟ. . . ဆိုရင် သလ္လေခဖြစ်ပါတယ်။

သူက မုသားပြောနေတယ်၊ ရယ်စရာ ပြောနေတယ်၊ အထာထ မဿထနဲ့ မွေ့လျော်နေတယ်။ ငါက မမွေ့လျော်ဘူး ဆိုရင် ဒါသလ္လေခ ဖြစ်ပါတယ်။

## သလ္လေခကိုလက်သုံးထားပါ

အဲဒါကြောင့် သလ္လေခကို လက်သုံးထားပြီးသကာလ မကောင်းတာမြင်လေလေ ကိုယ်က ကောင်းတဲ့အလုပ် လုပ်လေလေ လုပ်ကြလို့ရှိရင်ဖြင့် ဒီသာသနာတော်ကြီးဟာ အများအတွက်လည်း ခိုင်လုံ ကိုယ့်အတွက်လည်း အပါယ်လေးပါး တံခါး ပိတ်ပြီးသကာလ. . ။

ကိုယ့်မှန်းခြေပေါ်ဏ်ဖြစ်တဲ့ သလ္လေခဂ၊ နေ တက်ပြီး

www.dhammadownload.com



ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် တက်ကြမယ်ဆိုရင်ဖြင့် အားလုံး သောသံဃာများတို့ ကိုယ့်မှန်းခြေဟာဖြင့် သံသာရဝဋ္ဋဒုက္ခတော မောစနတ္တာယဆိုတဲ့ လွတ်မြောက်ခြင်းဟာ သေသေချာချာ ဖြစ်နိုင်တယ်ဆိုပြီး မှတ်ပြီးသကာလ. . ။

ဩော်. . သလ္လေခသုတ် မှုတည်ပြောတာ ပါလား ဆိုတာ သဘောကျပြီး သကာလ ဒီအချိန်ပဲ ဆုံးမမှုကို သတိ ပေးမှုကို ရပ်စဲလိုက်ပါတယ်။

သာဓု. . . သာဓု. . . သာဓု. . . ။

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

ရန်ကုန်မြို့၌ ဟောကြားသောတရားတော်

# ရှေ့စိတ်ကိုနောက်စိတ်နှင့်ရှုလို့ရပါ့မလား

(၁၀-၇-၆၂)

**ဦးလွန်းဖေ၏မေးမြန်းချက်**

တပည့်တော် လျှောက်ထားလိုတာက ရှေ့စိတ်ကို နောက်စိတ်က သိရမယ်ဆိုတဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့ ဝိသုဒ္ဓိမဂ်မှာ အရှင်ဗုဒ္ဓဃောသကလည်း ဒီလိုပဲဟောထားပါတယ်၊ ဒီအရှင်ဘုရားရဲ့တရားမှာလည်း ရှေးစိတ်ကို နောက်စိတ်နဲ့ တွေ့ရမယ် ဒီလိုဆိုထားတော့တပည့်တော်များ လက်တွေ့လုပ်ကြည့်တော့လည်း ဒီအတိုင်းပဲလုပ်လို့ ရပါသလားဆိုတော့၊ ရပါတယ်။

တပည့်တော် ဝီထိ လေ့လာထားတဲ့ ပုဂ္ဂိုလ် အနေနဲ့ ဒါဟာ ကိုက်လို့ မရဘူးဖြစ်နေတယ်၊ စိတ်အစဉ်တို့ မည်သည်မှာ အင်မတန် လျင်မြန်စွာ သွားနေတော့ ဇောစိတ်တွေနဲ့ ဒီလို တစ်ဝီထိပြီး တစ်ဝီထိသွားနေတဲ့အခါကြတော့ ရှေ့စိတ်ကို

www.dhammadownload.com



နောက်စိတ်နဲ့ ဝိထိဒီလောက်များနေပါလျက်နဲ့ ရှေ့စိတ်ကို နောက်စိတ် လုပ်လို့မရနိုင်ဘူး၊ ဒါဟာ ပစ္စုပ္ပန် တည့်တည့်မကျ နိုင်ဘူးလို့ ဒီလို နားလည်ထားပါတယ်။

## မိုးကုတ်ဆရာတော်ဘုရား၏ ဖြေကြားချက်

ဒီလို နားလည်ထားတော့ ဘုန်းကြီးရှင်းပြပါမယ်၊ ဒကာ ဒကာမတွေ မှတ်ကြပေ့ါ၊ ဒါဟာ ရှေ့စိတ်ပါပဲတဲ့၊ မနာယတန ဆိုတာ (တင်ပ့ါ)။

## ကိလေသာဝိထိမပါရင်ပြီးပါတယ်

ရှေ့စိတ် (၁၇) ပါး ပုထုဇဉ်မှန်က ရှိပါတယ်၊ အဲဒီ စိတ်ကလေးတွေ ပျက်တဲ့အခါကြလို့ရှိရင်တဲ့ နောက်စိတ်နဲ့ ရှု ဆိုတာ "မဂ်" ကို ဆိုလိုဖါတယ်၊ ဝိပဿနာမဂ်ကို ဆိုပါတယ်၊ အဲဒီတော့ သူက တစ်ဝိထိပါ၊ ဒီကြားထဲမှာ ဘဝင်တွေ ခြားပါ တယ်၊ အများကြီးခြားပါတယ်၊ ခြားပင် ခြားငြားသော်လည်း ကိလေသာခြားတာ မဟုတ်သောကြောင့် မြင်နိုင်ပါတယ်၊ ကိလေသာအခြားမရှိဘူး (တင်ပ့ါ) တစ်ပါးသော ဝိထိ အခြား မရှိဘူး၊ ဘဝင်တွေသာ ခြားတယ်၊ (တင်ပ့ါ) တစ်ပါးသော ဝိထိ ခြားတယ်လို့ ထင်လို့ရှိရင်လည်း ကိလေသာ ဝိထိမပါရင် ပြီးတာပဲ၊ (တင်ပ့ါ)။

www.dhammadownload.com



အဲဒီတော့ ရှေ့စိတ်က မနာယတန နောက်စိတ်က လည်း မနာယတနပါပဲ (တင်ပ့ါ) မနာယတန မနာယတနချင်း အာရုံပြု တယ်လို့ မှတ်ပါ။ ဒါဖြင့် ရှေ့မနာယတနက ဖြစ်ပျက်၊ နောက် မနာယတနကလည်းဖြစ်ပျက်၊ ရှေ့ဝီထိကို နောက်ဝီထိ နဲ့ကြည့်၊ အလယ်မှာ ဘဝင်တွေ ဘယ်လောက်ခြားခြား၊ ကိုယ့် သန္တာန်မှာ ဖြစ်တဲ့ဘဝင်က အာရုံတစ်ခုကို ကိုယ်ယူတာ ကိုယ် မသိပါဘူး (တင်ပ့ါ)။

## နောက်ဆိုတာ အဝေးကြီးလို့မှတ်ပါ

ကိုယ်ယူတာ ကိုယ်မသိတဲ့အတွက် ယူထားတဲ့ အာရုံ ပဲ မင်္ဂကနေပြီး စူးစိုက်တဲ့အတွက် ရှေ့စိတ်ကို နောက်စိတ်နဲ့ ရှုရတယ်၊ နောက်ဆိုတာ အဝေးကြီးလို့ မှတ်လိုက်ပါ။ (တင်ပ့ါ) ကိလေသာ မခြားရင် ဘယ်လောက် ဝေးဝေး ရှုနိုင်ပါတယ်၊ ပေါ်ပြီလား၊ ကိလေသာ မခြားရင် ပြီးတာပဲ၊ ဘဝင်တွေ ဘယ် လောက်ခြားခြား ဥပမာ- ဘဝင်က မျက်စေ့တစ်မှိတ်ကို ကုဋေ တစ်သိန်းထား၊ ခြားပေမဲ့ခင်ဗျားတို့မှာ အဖြစ်မရှိဘူး၊ ဘဝင်ဆို တာ အိပ်နေတုန်းလည်း ဖြစ်နေတာပဲ တစ်ဝီထိနဲ့ တစ်ဝီထိ အကြားမှာလည်း သူမပါဘဲ မပြီးဘူး၊ အဲဒီတော့ အဲဒီကြားကို သူတို့ကလည်း နောက်စိတ်ခေါ်နိုင်တာပဲ၊ ခေါ်နိုင်ပေမဲ့

www.dhammadownload.com



သူတို့က အတိတ်က အာရုံတွေကိုပဲ ယူတယ်၊ အဲဒါကြောင့် ဝီထိတစ်ခုမခြားဘူးလို့ ယူလိုက်ပါ၊ ဘဝင်ကတော့ များစွာ ခြားတယ်လို့ယူပါ။

## ကိလေသာမခြားတာကိုဆိုတယ်

ဒါပေမယ့် "ရှေ့စိတ်ကို နောက်စိတ်နဲ့ရှု" ဆိုတာ သည်ကြားထဲမှာ ဘာပဲခြားခြား ကိလေသာ မခြားတာကို ဆိုသည်။ ရှင်းပြီလား၊ ကိလေသာ မခြားလို့ရှိရင်ဖြင့် ရှေ့စိတ်နဲ့ အပျက်ကို နောက်စိတ်နဲ့ မြင်နိုင်တယ်၊ ကိလေသာခြားလို့ရှိရင် ကိလေသာ မှောင်ကွယ်တဲ့အတွက် ရှေ့စိတ်ကို မမြင်နိုင်ဘူး။

ဒါဖြင့် ရှေ့စိတ် နောက်စိတ်နဲ့ရှုဆိုတဲ့ ဝိသုဒ္ဓိမဂ်က ရေးရေး၊ သရာဂံဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိလို့ သတိပဋ္ဌာန်ကရေးရေး၊ ဒါက သရာဂစိတ်ထားပါတော့၊ ဥပမာ- ဒါက ပဇာနာတိ မဖြစ်နိုင်ဘူးလား (ဖြစ်နိုင်ပါတယ်) ဒါဖြင့် ရှေ့စိတ်ကို နောက်စိတ်နဲ့ရှုဆိုတာနဲ့ သရာဂံဝါစိတ္တံ သရာဂံစိတ္တန္တိ ပဇာနာတိ ဆိုတာနဲ့ကော မကိုက်ဘူးလား (ကိုက်ပါတယ်) ဒီပါဠိကို အကိုးအကားထားပြီး ဝိသုဒ္ဓိမဂ်က ရှေ့စိတ်ကို နောက်စိတ်နဲ့ ရှုပါဆိုတာပဲ။ ဒီကြားထဲ စိတ်တွေ ဘယ်လောက်ရှိသတုံး၊ မသိနိုင်ပါဘူး။ ကြားထဲက စိတ်တွေ ကိုယ့်ဟာကိုဖြစ်တာကို ကိုယ်မသိပါဘူး

www.dhammadownload.com



ကိုယ့်ဟာကိုယ်ဖြစ်တာကို ကိုယ်မသိတဲ့စိတ် ခြားသောကြောင့် "ခြားတယ်လို့မယူပါနဲ့တော့" ခြားခဲ့သော် ကိလေသာခြားရင်လည်း ရှေ့စိတ်ကို နောက်စိတ်နဲ့ မမြင်ပါဘူး (တင်ပါ့) အဖြေပေးလိုက်ပါတယ်။

## ကိလေသာမခြားလို့သာ မြင်တာ

ရှေ့စိတ် ချုပ်သွားတာကို နောက်စိတ်က မြင်တယ်ဆိုရင်ကြားမှာ ကိလေသာ မခြားလို့သာ မြင်ခြင်းဖြစ်ပါတယ်၊ ပေါ်ပြီလား၊ ဒါဖြင့် ကြားထဲမှာ ဘဝင်ပေါ်င်း ကုဋေတစ်သိန်းခြား၊ ကိလေသာမဟုတ်တဲ့အတွက် ဘဝင်ကလည်း သိမ်မွေ့တဲ့အာရုံကို ယူတယ်။ ကံ, ကမ္မနိမိတ်, ဂတိနိမိတ်သုံးပါး အတိတ်ကအာရုံကိုယူနေတဲ့အတွက် သူနဲ့ကျုပ်တို့နဲ့ ဘာမျှမဆိုင် (တင်ပါ့)။

ကိုယ့် သန္တာန်မှာ သက်စောင့်သာ သူဖြစ်တယ်၊ မသေအောင် စောင့်တာသာ ဖြစ်တယ်၊ အာရုံကို ကန့်ကွက်တဲ့သဘောနဲ့ မယူပါနဲ့၊ ကန့်ကွက်တဲ့သဘောနဲ့ မယူပါနဲ့၊ ဒါဖြင့် ဖြစ်ပျက်မဂ်ဆိုတာ သဘောကျပြီလား၊ (သဘောကျပါပြီ) ဒါဖြင့် ပထမအဖြေ ပြေလည်ပြီနော်၊ ဒုတိယ အဖြေ မေးရင်မေး။

www.dhammadownload.com



## ကိလေသာခြားရင် မမြင်နိုင်ပါ

**အမေးပုစ္ဆာ** = ကိလေသာတကယ်လို့များ ခြားသွားလို့ရှိရင် ဇောတွေပါသွားမည့်အတွက်ကြောင့် . . . ?

**အဖြေ** = မမြင်နိုင်ဘူး၊ ပဌမ ဟာကို မမြင်နိုင်တော့ဘူး၊ ကိလေသာ မှောင်ခိုသွားပြီ၊ (တင်ပဲ့) ကြားထဲ မှောင်ဝင်သွားပြီ၊ မရတော့ဘူး၊ ရချင်လို့ရှိရင် သူ့ကိုရှေ့စိတ်လုပ်ပြီး ရှုလိုက်ပါ၊ နားလည်ပြီလား (နားလည်ပါပြီ)။

**အမေးပုစ္ဆာ** = ဒါဖြင့်အရှင်ဘုရား သမနန္တရ, အနန္တရအနေနဲ့ ကော ယူလို့ ?

## ဘုရားဖြစ်ပြီးမှ မြင်တဲ့အမြင်

**အဖြေ** = သမနန္တရ, အနန္တရဆိုတာ ဘုရားဖြစ်ပြီးမှ မြင်တဲ့ အမြင်၊ (တင်ပဲ့) ခင်ဗျားတို့ ကျုပ်တို့ မြင်တဲ့အမြင် မဟုတ်ဘူး (တင်ပဲ့) ဘုရားဖြစ်တဲ့လုပ်စဉ်ကို ရှေ့စိတ်နောက်စိတ်နဲ့ ရှုလို့ပြောတာ၊ (တင်ပဲ့) ဘုရားဖြစ်ပြီးမှ ရှေ့စိတ်နောက်စိတ်ဆိုတဲ့ အမြင်ဟာ ဒါ ဘုရားဖြစ်ပြီးမှ အကုန်သိပြီးမှ မြင်တဲ့အမြင်၊ ဒီအမြင်ကို မလိုက်နဲ့၊ ဘုရားဖြစ်ဖို့ရာ မူလဘူတ အမြင်ကိုလိုက်ပါ၊ အမြင် က နှစ်မျိုးရှိတယ်။

၁။ ဘုရားဖြစ်ပြီးမှ မြင်တဲ့အမြင်ကို ပုထုဇဉ်က မရှု နိုင်ဘူး။

www.dhammadownload.com



၂။ ဘုရားဖြစ်ကြောင်း သူလုပ်နေတဲ့အမြင်ကိုတော့ ခြေရာခံလိုက်နိုင်တယ်။ ရှင်းပြီလား၊ ကဲဒါဖြင့် ပြေရောပေါ့ (တင်ပါဘုရား)။

**အမေးပုစ္ဆာ** = တပည့်တော်ထပ်လျှောက်လိုတာက- ဒါဖြင့်ရင် အတိတ် အာရုံကို ပြန်ယူသလို ယူနေတယ် ?

## ရှေ့ဝီထိနဲ့နောက်ဝီထိလို့မှတ်

**အဖြေ** - အတိတ်အာရုံကိုလို့တော့ မဆိုနဲ့၊ ကြားဝီထိ တစ်ခုခုမှ မလာသောကြောင့် အတိတ်လို့ မဆိုပါနဲ့၊ ဇောဝီထိ မလာဘူး၊ ဘဝင်တွေ လာနေတယ်၊ ဇောဝီထိလာရင် ခုနက ရှေ့စိတ်ဟာ အတိတ်ဖြစ်ရမယ်၊ ဘဝင်စိတ်လာလို့ရှိရင် အတိတ်လို့မဆိုပါနဲ့ ရှေ့ဝီထိနဲ့ နောက်ဝီထိလို့မှတ်ပါ။ ကဲဒါဖြင့် ပြေရောပေါ့ (တင်ပါဘုရား)

**အမေးပုစ္ဆာ** = ဒုတိယကတော့ ဒီမဂ္ဂဝီထိမှာ ဒီမဂ်ပြီးတော့ ဖိုလ်, ဖိုလ် နှစ်ကြိမ်, သုံးကြိမ် ပစ္စုပ္ပန်ဖိုလ်၊ မဂ်ပါဖိုလ် ၃-ခုသာ ရှိတဲ့ အတွက်ကြောင့် ဒီတရားရတဲ့ ပုဂ္ဂိုလ်တွေက အဲဒီလိုဖြစ်သွားလိုက်တာ၊ တစ်ခါထဲမေ့သွားလိုက်တာ ဘယ်နှစ်နာရီရှိမှန်းတောင် မသိပါဘူး၊ အဲဒါနာရီကြည့်လိုက်တော့မှ သုံးနာရီ ထိုးတယ်၊ လေးနာရီထိုးတယ်ဆိုတဲ့ဟာ မဂ္ဂဝီထိနဲ့ မကိုက်ဘူး ဖြစ်နေတယ်?

www.dhammadownload.com



## မဂ္ဂဝီထိဆိုတာ

အဖြေ = မကိုက်ဘူး၊ မဂ္ဂဝီထိဆိုတာသည် ဒီစိတ်တွေ အကုန်ချုပ်သွားတာ (တင်ပါ့) စိတ်နဲ့သဟဇာတဖြစ်တဲ့ ရုပ်လည်း ချုပ်ပါတယ်။ (တင်ပါ့) ဒါဖြင့် တိုတိုပြောကြပါစို့ ဖဿ, ဝေဒနာ ဆိုတာ ရုပ်နာမ်တွေ အာရုံနာမ်ရုပ်တွေဟာ အကုန်ချုပ်တယ်။ ဘာသစ္စာတုံးလို့ မေးတော့ ဒုက္ခသစ္စာ၊ ဒီမှာမြင်တဲ့အတိုင်း ဒုက္ခသစ္စာတွေ ချုပ်သွားတော့ကို ဒုက္ခ၏ချုပ်ရာ ဒီနေရာ အစားထိုးလာတာ နိဗ္ဗာန်ပေါ်လာတယ်။ နိဗ္ဗာန်ကို ရှေးဦးစွာ မြင်တာက ဂေါတြဘူ၊ နောက်ကျတော့ ဂေါတြဘူချုပ်သွားတော့ နိဗ္ဗာန်ကို မဂ်ကမြင်တယ်၊ နောက်ကျတော့ ဖိုလ်ကမြင်တယ်။ နောက်ကျတော့ ဘဝင်တွေကျတော့ မမြင်တော့ပါဘူး။ (တင်ပါ့) ဘဝင်တွေကျတော့ ကံ, ကမ္မနိမိတ်ကို အာရုံပြုပါတယ် (တင်ပါ့) နောက်ပစ္စဝေက္ခဏာ ဇောပြန်လာလို့ရှိရင် မြင်ပြန်ပါတယ်၊ နိဗ္ဗာန်ကို။

အဲဒီတော့ နိဗ္ဗာန်အာရုံနဲ့ အာရမ္မဏိကနဲ့ မခွဲရဘူး ခွဲရင် ဒီဥစ္စာသည် မဂ်ဆိုက်၊ ဖိုလ်ဆိုက်လို့ မယူပါနဲ့၊ အာရုံအာရမ္မဏိက ဘယ်တော့မှ မထိစေနဲ့၊ ထိရင်သေသွားမယ်၊ (တင်ပါ့) ဆိတ်ရင် သေသွားမယ် (တင်ပါ့ဘုရား) ဒါ အသေဖြစ်သွားမယ်

www.dhammadownload.com



## အိပ်ပျော်နေတာနဲ့ အတူတူပဲ

တကယ်လို့သူသည်တစ်နာရီ၊ နှစ်နာရီကြာတယ်ဆိုတာ ကိုယ့်ဘဝင်စိတ်တွေ သူဖြစ်တာသာဆိုတာ နိဗ္ဗာန်ကို မြင်တာ မဟုတ်ဘူး။ ဘဝင်သည် နိဗ္ဗာန်ကို မမြင်နိုင် မဂ်နဲ့ ဖိုလ်သာ၊ ဂေါတြဘူရယ်၊ မဂ်ရယ် ဖိုလ်ရယ် ဒါသာ နိဗ္ဗာန်မြင်နိုင်တယ်၊ ပစ္စဝေက္ခဏာ နောက်ကလာရင် မြင်နိုင်တယ် ကျန်တဲ့ ဘဝင် စိတ်တွေလာနေတာ သူနိဗ္ဗာန်ကို အာရုံ ပြုနေတာမဟုတ်ဘူး။ အိပ်ပျော်နေတာနဲ့ အတူတူ၊ ရှင်းပြီလား (ရှင်းပါပြီ)။

## နိဗ္ဗာန်မသိတဲ့အချိန် မရှိ

ဒါဖြင့် နိဗ္ဗာန် ဂေါတြဘုဿ၊ အာရမ္မဏ ပစ္စယေန ပစ္စယော၊ နိဗ္ဗာန် မဂ္ဂဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ နိဗ္ဗာန် ဖလဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ နိဗ္ဗာန် ပစ္စဝေက္ခဏဿ အာရမ္မဏ ပစ္စယေန ပစ္စယောဟု ဟောသောကြောင့် အာရုံ အာရမ္မဏိက တွဲလျက်ဖြစ်သောကြောင့် ဘယ်အချိန်ကာလမှ နိဗ္ဗာန်ကို မသိတဲ့အချိန်မရှိ မသိတဲ့အချိန် ရှိရင် ဘဝင်။ မှန်သွားပြီဆိုတော့ တစ်နာရီ နှစ်နာရီ မဟုတ်တော့ဘူး အမြဲသိနေတာ တစ်ခုချုပ်ပြီး တစ်ခုကသိလိုက်၊ တစ်ခုချုပ်ပြီး တစ်ခုက သိလိုက်၊ ဒါမှအမှန် ဒါပဌာန်းပါဠိတော်၊ ပေါ်ပြီလား. . . (ပေါ်ပါပြီ) ကြေကောကြေပြီလား. . . (ကြေပါပြီ)။

www.dhammadownload.com



## သူပြောတာမှားတယ်

ဒါဖြင့် ကျုပ်တို့ဟာ နိဗ္ဗာန် အာရုံပြုလိုက်တာ နောက်မှ ထကြည့်တော့ တစ်နာရီလောက်ရှိတယ်လို့ သူပြောတာသည် မှားတယ်၊ မှားတော့ ဘယ့်နှယ်ကြောင့် မှားသလည်း နိဗ္ဗာန် ဂေါတြဘုဉာဏ်ဆိုတာ တစ်ကြိမ်ပဲရှိတယ်၊ နိဗ္ဗာန် မဂ္ဂဉာဏ်ကော တစ်ကြိမ်ပဲရှိတယ်၊ နိဗ္ဗာန် ဖလဉာဏ်ကော နှစ်ကြိမ်သုံးကြိမ် ထားပါတယ်၊ အဲဒီနောက်မှာ ဘဝင်တွေ့လာတော့ နိဗ္ဗာန် မမြင်ပါဘူး။

နောက်ကျမှ ပြန်ဆင်ခြင်တယ် ငါခုနကဟာ ဘာပါလိမ့် မတုံး ပြန်ဆင်ခြင်ပြန်တော့လည်း ပစ္စဝေက္ခဏာ-နိဗ္ဗာန် ပစ္စဝေက္ခဏာဉာဏ်၊ (တင်ပါ့) အလယ်ကြားဟာ အလကား၊ အလယ်ကြား မသိတာ အလကားပဲ၊ ဘဝင်ဖြစ်နေတယ် ရှင်းပြီလား (ရှင်းပါပြီ ဘုရား)

## ရေအိုးတစ်ထောင်နဲ့လောင်းသလို့ဆိုတာ

ဒါဖြင့်ရင် တစ်ကိုယ်လုံးအေးသွားတာပဲလို့ဆိုတော့ ဘုန်းကြီးက ရှင်းပြပါမယ် အဲဒါ ဘုရားက ဥပရိပဏ္ဏာသပါဠိ တော်မှာ မပါဘဲနဲ့ အဋ္ဌကထာဆရာက ဖွင့်တယ် (မှန်ပါ) အဋ္ဌကထာဆရာက ဘာတုန်းဆိုတော့ သီတဃဋသဟဿံ

www.dhammadownload.com



အာသိဠမာန် ဝိယဟောတိ၊ ရေအိုးတစ်ထောင်နဲ့ လောင်းသလို ရွှန်းသွားတတ်တယ်၊ ဥပမာပြတာ၊ တကယ်အေးတာမဟုတ်ပါဘူး။

အဲဒါကို သူတို့က တကယ်အေးယူတယ်၊ အာသိဠ မာန်ဝိယဆိုတာ ဥပမာ၊ ရေအိုး (၁၀၀၀) နဲ့ ပူနေတဲ့အခါ နေပူထဲက လာပြီးတော့ နေတဲ့အခါ အင်မတန် အအေးတောင့်တ,နေတော့ ဖျတ်ဆို ညဥ့်သိပ်ရေ ရေအိုးတစ်ထောင်နဲ့လောင်းပြီး ချိုးလိုက်တော့ ဒီလိုအေးဘိသကဲ့သို့ ဖြစ်တတ်ပါတယ်။

မဂ်ဆိုက်တဲ့ပုဂ္ဂိုလ်များ အဲဒါ အဋ္ဌကထာ ဆရာက ဖွင့်တာ၊ ပါဠိတော်က အေးတယ်လို့ မလာဘူး။ (တင်ပါ့) အဲဒါ အေးတယ်လို့ ယူနေကြတာ။

## ပါဠိတော်နှင့် အဋ္ဌကထာခွဲမှတ်ပါ

အာသိဠမာန်ဝိယ အေးသကဲ့သို့ ဖြစ်ပါတယ်၊ တကယ် အေးတာလားဆိုတော့ မဟုတ်ဘူး ကိလေသာတွေ မရှိတာဆိုတာ ပေါ်ပြီလား (ပေါ်ပါပြီ) ကိလေသာ မရှိတာဆိုတာ ပေါ်ပြီလား (ပေါ်ပါပြီ) ကိလေသာ မရှိတာကို ဆိုတာပါတဲ့ အဲဒါ သမ္မာဒိဋ္ဌိ သုတ်မှာလာတယ် ဒီဥစ္စာ အဋ္ဌကထာမှာလာတာ ပါဠိတော်မှာ မပါဘူး၊ အဲဒီတော့ ပါဠိတော်နဲ့ အဋ္ဌကထာခွဲမှတ်။

www.dhammadownload.com



ကဲ-ဒါဖြင့် ဘယ်လိုအေးမည်လဲဘုရားလို့မေးတော့ ပဋိသမ္ဘိဒါမဂ်က ဟာဒယသုသီတလမဂ္ဂဒသဿနေန သန္တပဋ္ဌော၊ ပဋိသမ္ဘိဒါမဂ်က ဒါလဲအဋ္ဌကထာပဲ ဟာဒယသုသီတလ မဂ္ဂဒဿနေန နှလုံး၌ ငြိမ်းအေးခြင်း လက္ခဏာရှိသော မဂ္ဂသစ္စာရောက်မှသာလျှင် သန္တာပဋ္ဌော-ကိလေသာ အပူငြိမ်းအေးသည် ဟောတိ-ဖြစ်၏။

## အပူမီးငြိမ်းတာကိုဆိုတာပါ

မဂ်ပေါ်မှ ဝမ်းထဲက ကိလေသာ အပူမီးငြိမ်းတယ်လို့ဆိုတာ ပေါ်ပြီလား (ပေါ်ပါပြီ) မဂ်ပေါ်လာလို့ရှိရင် ကိလေသာ အပူမီးငြိမ်းတာ ဒါကိုဆိုတာပါ အေးတယ်လို့ဆိုတာ မဟုတ်ဘူး ကိလေသာ အပူမီးငြိမ်းသွားပြီးတော့ ငြိမ်းတာမှ နိဗ္ဗာန် ခန္ဓာကိုယ်အေးတာ မဆိုလိုဘူး။

မဆိုလိုပါဘူးတဲ့ ခန္ဓာကိုယ်အေးလို့ရှိရင် သွေးဆုတ်သွားမှာပေါ့ (တင်ပါ့) မဟုတ်ဘူးလား (ဟုတ်ပါတယ်)။

## ကိလေသာဟာနာမ်ဓမ္မ

ဒီအအေးကိုဆိုတာ မဟုတ်ပါဘူး၊ ကိလေသာအပူမီး ငြိမ်းသွားတာကိုဆိုတာ ကိလေသာဟာ နာမ်ဓမ္မပါပဲ နာမ်ဓမ္မ

www.dhammadownload.com



ပင် ဖြစ်လင့်ကစား မင်္ဂစိတ်တို့လို ငြိမ်ငြိမ်ဆိတ်ဆိတ်က မရှိဘူး။ ပူပူလောင်လောင်ရှိတယ်၊ ပျာယာခတ်တယ်၊ ဒီပျာယာခတ်တဲ့ စိတ်တွေ ပျောက်သွားတာကို ဆိုတယ်။ ပျာယာခတ်တာကို ငြိမ်းသွားတယ်ဆိုတာပါ ငြိမ်းတာကို အေးတယ်လို့ ယူပစ်လိုက် လို့စင်စစ်တော့ ကိလေသာငြိမ်းတာ၊ ပေါ်ပြီလား (တင်ပါ့) တကယ် အေးတာမဟုတ်ဘူး ကိလေသာငြိမ်းတာ။

တကယ်အေးရင်ဖြင့် ခင်ဗျားတို့ (ဂက်(စ်)) တွေ ဘာတွေ လွှတ်ရဦးမှာပေါ့ (တင်ပါ့) ဥပမာပြတာ၊ ဒါကို အဟုတ်အေးတယ် ယူပစ်လိုက်ပါတယ်။ ယခုခင်ဗျားတို့က ခင်ဗျားတို့ ကြားဖူး တာက အဲဒီလို မအေးပါဘူး၊ ကိလေသာ မရှိလို့ ကိလေသာက နဂိုက ငါဘုရားက ဟောထားတာ အပူခါတ်၊ မင်္ဂက အအေး ခါတ်က မင်္ဂဆိုက်လာလို့ရှိရင် ကိလေသာ အပူပျောက်တယ်လို့ ဟောတာ ရှင်းပြီလား (ရှင်းပါပြီ)။

ဒါဖြင့် တစ်ကိုယ်လုံး အေးသွားတာကို ဆိုလို့ရပါမည် လား မရဘူးတဲ့၊ သို့သော်လည်း တစ်ခုစဉ်းစားပါလို့ ခင်ဗျားတို့ကို သတိပေးလိုက်တယ်။ ပူတာကို ပူမှန်းသိတဲ့ပုဂ္ဂိုလ်မှ အေးတာ အေးမှန်းသိတယ် (တင်ပါဘုရား) ကိလေသာက ပူနေတာ။

www.dhammadownload.com



## ငြိမ်းမှုနဲ့အေးမှုတခြားစီ

ခင်ဗျားတို့က အစိုးရအလုပ်လုပ်တယ်၊ ဥပမာ-မောင်သက်မောင်ကလည်းအရောင်းအဝယ်လုပ်တယ်၊ အစရှိသည်တို့ကို လုပ်နေတော့ ဝမ်းထဲမှာ ရှုပ်ပွေနေတာပဲ၊ ဂနာမငြိမ်ဘူး၊ အဲဒီဂနာမငြိမ်တာတွေ ပျောက်တာကို အေးတယ်လို့ဆိုတာပါ၊ ကိလေသာငြိမ်းတာကို အေးတယ်လို့ဆိုပါတယ်၊ ငြိမ်းမှုနဲ့ အေးမှုဟာ တခြားစီ၊ ငြိမ်းမှုကငြိမ်းမှု၊ အေးမှုက သီတဘောဇော၊ ငြိမ်းမှုက မဂ်၊ မဂ်ကြောင့် ကိလေသာငြိမ်းသွားတာ၊ သဘောပါပြီလား၊ ဒါဖြင့် ဒုတိယ အဖြေပြီးရောပေါ့၊ (တင်ပါ့ဘုရား)။

**အမေးပုစ္ဆာ** - တတိယကတော့ တပည့်တော်ကို အဲဒါနဲ့ အရှင်ဘုရား ခုနက သံယုတ်ပါဠိတော်မှာ မေးတဲ့လူရှိတယ်၊ ပုဏ္ဏားကဘုရား လာမေးတယ်၊ အရှင်ဘုရား အတ္တရှိပါသလား၊ အတ္တရှိပါတယ်လို့ ငါမဟောဘူး၊ ဒါဖြင့် အနတ္တရှိပါသလား၊ အနတ္တရှိတယ်လို့ ငါ မဟောဘူး၊ ဘုရားက နှစ်ခုစလုံး ပယ်ချလိုက်တယ်၊ ဒါနဲ့ အရှင် အာနန္ဒာက အနားမှာရှိတယ်၊ အရှင်ဘုရား အတ္တရှိသလား ဆိုတော့ မရှိဘူးဟောလိုက်တယ်၊ နို့ အနတ္တမရှိဘူးလား ဆိုလို့ရှိရင်လည်း မရှိဘူးလို့ ဟောလိုက်တော့ မခက်ဘူးလားဘုရား?

www.dhammadownload.com



## ပုဂ္ဂိုလ်ငဲ့ဟောရတာ

**အဖြေ** - အနတ္တတွေပဲ (တင်ပါ့) ဟုတ်တယ်တဲ့ကွ၊ ငါ ဝေနေယျရှာသယလိုက်ပြီး ဒီပုဏ္ဏား အယူလွဲသွားမှာစိုးလို့ အတ္တရှိသလားဆိုရင် သဿတဒိဋ္ဌိဘက်ပြေးလိမ့်မယ်၊ ဒါဖြင့် အနတ္တသာရှိသလားဆိုတော့ အနတ္တရှိတယ်လို့ ဆိုလိုက်ပြန်ရင်လည်း အနတ္တဆိုတာ ဘာမှမရှိဘူး ပျောက်ကွယ်သွားတာဆိုတာ အဲဒီတော့ဥစ္ဆေဒဒိဋ္ဌိဘက်ပြေးလိမ့်မယ်၊ အဲဒါကြောင့် သဿတ ဥစ္ဆေဒ ဒီနှစ်ခုလွတ်အောင် ငါဖြေလိုက်ခြင်းဖြစ်တယ်၊ ပေါ်ပြီလား (တင်ပါ့)။

အဲဒီ သံယုတ်ပါဠိတော် ဒါဖြင့် စင်စစ် ပုဂ္ဂိုလ်ကို မငဲ့ဘဲနဲ့ ပုဏ္ဏားညဏ်ကို ဘုရားက မချိန်ဘဲနဲ့ နိဗ္ဗာန်ရောက်ကြောင်း ဟောမယ်ဆိုရင် အနတ္တရှိတယ်ဟောရမယ်၊ အတ္တရှိတယ်လို့ မဟောရဘူး ရှင်းပြီလား (ရှင်းပါပြီဘုရား)။

**အမေးပုစ္ဆာ** = နောက်ဆုံးလျှောက်လိုတာက - ဒီမဂ်ရပြီးတဲ့ ပုဂ္ဂိုလ်များဟာ တပည့်တော်တို့လို သာမန်လူအနေနဲ့ စားသောက်နေထိုင်တဲ့အခါကြတော့ ဒိဋ္ဌိကြီးတန်းလန်းကြီးနဲ့ပါနေတာပေါ့ ဘုရား?

မဂ်ရပြီးတဲ့ ပုဂ္ဂိုလ်ကတော့ သူလည်း စားသောက်နေလို့

www.dhammadownload.com



ရှိရင် မဆင်ခြင်လို့ရှိရင် တပည့်တော်တို့နဲ့ မထူးဘူးလို့ ဒီလို အောက်မေ့ပါတယ်?

## ရောဂါပျောက်ပြီးတဲ့ပုဂ္ဂိုလ်

အဖြေ ။ ဒါက ဒီလို ရောဂါ မပျောက်သေးတဲ့ ပုဂ္ဂိုလ်က မတည့်တာ စားတာတစ်မျိုး၊ ရောဂါပျောက်တဲ့ပုဂ္ဂိုလ်က မတည့်တာ စားတာ တစ်မျိုး၊ ရောဂါပျောက်ပြီးသားပုဂ္ဂိုလ်က ဆေးကမတည့်တာ စားတာတစ်မျိုး ဒီလို ထူးခြားပါတယ်။

ရောဂါပျောက်ပြီးသား ပုဂ္ဂိုလ်က မတည့်တာစားတာ သူ့မှာ အစာကြေတယ်၊ ဟို မပျောက်သေးတဲ့ပုဂ္ဂိုလ်က ရောဂါထ, တယ်၊ ဒီလိုကွာသွားပါတယ်၊ သူ့မှာ ဒိဋ္ဌိပြုတ်ပြီးသားပါ၊ သမုစ္ဆေဒပယ်ပြီးသားပါ၊ ဒီလိုကွာသွားပါတယ်၊ သဘောပါပြီ လား။

ဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတ ပရာမာသကို ပယ်ပြီးသားဖြစ် ပါတယ်၊ နေပုံ ထိုင်ပုံက ချို (ဂျို) မပေါက်ပါဘူး၊ သို့သော် ခင်ဗျား နောက် ဘုန်းကြီးအကြောင်း ညီညွတ်ရင် သောတာပန်မှာ ပေါ်တဲ့ (၇) စိတ်ကို ကျုပ်အထက်ကနေပြီးတော့ ရေးပေးပါဦးမယ် (တင်ပါ့ဘုရား)။

သာဓု . . . သာဓု . . . သာဓု။

www.dhammadownload.com



## သောတာပန်တို့၏ထူးခြားချက် (၇)ချက်
(၁-၇-၆၂)

၁။ လောဘ၊ ဒေါသ၊ မောဟ ထတိုင်း ထတိုင်း ပေါ်တိုင်း ပေါ်တိုင်း၊ နောက်က ချက်ချင်းသိတာ သောတာပန်တို့၏ အသိ၊ပုထုဇဉ်ကတော့ ဖြစ်ကြောရှည်တယ်၊ သောတာပန်ကတော့ဖြစ်ကြောတိုတယ်။

၂။ ချက်ချင်းသိလို့သိသည်နှင့်တစ်ပြိုင်နက်တည်း၊ ငြိမ်းအေးအောင် လုပ်နိုင်ခြင်းသည်၊ သောတာပန်တို့၏ အသိ၊ ကိုယ့်ခန္ဓာကိုဖြစ်ပျက်ရှုပြီး ကမ္မဋ္ဌာန်းဝင်ထိုင်လိုက်တယ်။

၃။ ဘုရားသာသနာတော်မှ တစ်ပါး အခြားသော သာသနာမှာ ထွက်ရပ်လမ်းမရှိဘူးလို့သိနေတဲ့အသိဟာလည်း သောတာပန်တို့၏အသိ၊ တခြားသော သာသနာမှာ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ၊ရဟန္တာမရှိနိုင်ဘူးဆိုတာ သူ့ဟာသူသိတယ်။

၄။ ကိုယ့်မှာ ကျူးလွန်ထားတဲ့အပြစ်ကလေးတွေရှိနေတယ်၊ မပယ်နိုင်သေးတဲ့ ကိလေသာက ထကြွသောင်းကျန်းလာတဲ့အခါမှာ ချက်ချင်းပဲ ကုသလိုတဲ့စိတ်ပေါ်တာလည်း သောတာပန်တို့၏အသိ၊ ချက်ချင်းပဲကုသချင်တဲ့သဘော၊ မှားတဲ့ဥစ္စာချက်ချင်းပြေအောင်လုပ်ချင်တဲ့စိတ် တစ်ခါတည်း ပေါ်လာတယ်။

www.dhammadownload.com



၅။ ကိစ္စကြီးငယ်ရှိလို့ သူတစ်ပါးအတွက် လိုက်ရပြေးသော်လည်း၊ သီလ၊ သမာဓိ၊ ပညာအပျက်မခံဘဲနဲ့ လိုက်ခြင်းသည် သောတာပန်တို့၏စိတ်ဓာတ်အသိ၊ သူ့သီလပျက်မှာ၊ သူ့သမာဓိပျက်မှာ၊ သူ့ပညာပျက်မှာကိုတော့ အထိအခိုက်မခံဘူး။

၆။ မြတ်စွာဘုရားတရားတော်တွေကို ဟောနေလို့ရှိရင် အနက်အဓိပ္ပါယ်တွေသိပြီး အာရုံတစ်ပါးမသွားဘဲနဲ့ နာပြီး နေနိုင်ခြင်းသည် ပုထုဇဉ်နဲ့ မတူတဲ့ သောတာပန်တို့၏ တရားနာမှု။

၇။ အဲဒီလို ခန္ဓာညဏ်ရောက်တဲ့တရားတွေ နာရတော့ ဝမ်းမြောက်လို့ မဆုံးဘဲ၊ အိမ်ရောက်လည်းပြောလို့မပြီး၊ နှလုံးသွင်းပြန်လည်း ဝမ်းမြောက်လို့မပြီး၊ ကြည်ညိုလို့မပြီး၊ကျေးဇူးတင်လို့မပြီး၊ဖြစ်နေတာလည်း သောတာပန်တို့၏စိတ်ထား။

၁-၇-၆၂ နေ့တွင် မိုးကုတ်ဆရာတော်ဘုရားကြီး၊ မိုးကုတ်မြို့၌ ဟောကြားဆုံးမခဲ့သော တရားတော်ဖြစ်ပါသည်။ သစ္စာလေးပါးတရားတော် အမှတ်စဉ် (၁၂) စာမျက်နှာ (၅၁၄)မှ ဖြစ်ပါသည်။

၁၀-၁၀-၉၉။ အမှုဆောင်အဖွဲ့